# ကရင်ပြည်နယ်အစိုးရပြည်ထဲရေးဌာန

## ကရင်ပြည်နယ်ရဲဝန်ထမ်း (အထက်တန်း) အဖွဲ့နည်းဥပဒေများ

**အမှတ် ၇**

**ရန်ကုန်မြို့၊ ၁၃၁၈ ခု၊ ဝါခေါင်လပြည့်ကျော် ၈ ရက်။**

**(၁၉၅၆ ခု၊ ဩဂုတ်လ ၂၉ ရက်။)**

အမှတ် ၇။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၁၈၁၊ ပုဒ်မငယ် (၂) နှင့် (၃) အရ၊ ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အောက်ဖော်ပြပါ ကရင် ပြည်နယ်ရဲဝန်ထမ်းအဖွဲ့ (အထက်တန်း) နှင့် (အောက်တန်း) စပ်လျဉ်းသောနည်းဥပဒေများကို ပြဋ္ဌာန်း ၍အများသိ စေရန်ကျေညာလိုက်သည်။

### ပဋ္ဌမပိုင်း

### ခန့်ထားရေး

ကရင်ပြည်နယ်ရဲဝန်ထမ်း (အထက်တန်း) အဖွဲ့သို့ ခန့်ထားရန်စည်းမျဉ်းများနှင့် ရာထူးစည်းမျဉ်းများကို ပြဋ္ဌာန်းလိုက်သည်။ ဤစည်းမျဉ်းများသည် (၁၉၅၆ ခု၊ အောက်တိုဘာလ ၁ ရက်) နေ့မှစ၍အတည်ဖြစ်ရမည်။

၁။ ။ ကရင်ပြည်နယ်ရဲဝန်ထမ်း (အထက်တန်း) အဖွဲ့သို့အောက်ပါအတိုင်းခန့်ထားရမည်။

(က) စာမေးပွဲယှဉ်ပြိုင်ဖြေဆိုခြင်းဖြင့် တိုက်ရိုက်ခန့်အပ်ခြင်း။

(ခ) ကရင်ပြည်နယ်ရဲဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်ရဲမှူးများမှတိုးတက်ခန့်အပ်ခြင်း။

၂။ ။ သာမန်အားဖြင့်အဖွဲ့ဝင်ဦးရေ၏ ထက်ဝက်ကိုစာမေးပွဲ ယှဉ်ပြိုင်ဖြေဆိုခြင်းဖြင့် ခန့်အပ်၍ အခြား ထက်ဝက်ကိုရဲမှူးများမှ တိုးတက်ခန့်အပ်လိမ့်မည်။ စာမေးပွဲယှဉ်ပြိုင်ဖြေဆိုခြင်းဖြင့် ခန့်အပ်ရန် အရည် အချင်းနှင့်ပြည့်စုံသော လျှောက်ထားသူများလုံလောက်စွာမရှိလျှင် ပြည်နယ်ဥက္ကဋ္ဌသည်၊ လစ်လပ်သည့် ရာထူးများကို ကရင်ပြည်နယ်ရဲဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်ရဲမှူးများမှတိုးတက်ခန့်အပ်နိုင်သည်။

ကရင်ပြည်နယ် ရာထူးရွေးချယ်ရေးအဖွဲ့သည်၊ သင့်တော်သောစာဖြင့်ရေးသားဖြေဆို အပ်သောစာမေးပွဲ၊ သို့မဟုတ် နှုတ်တိုက်စာမေးပွဲ၊ သို့မဟုတ် နှစ်ရပ်စလုံးကျင်းပရန်ပြဋ္ဌာန်းလိုက်သည်။

ကရင်ပြည်နယ် ရာထူးရွေးချယ်ရေးအဖွဲ့ဆိုသည်မှာ၊ ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ ရွေးချယ်ရေးအဖွဲ့၏ (သဘာပတိ) အဖြစ်ဖြင့်ဆောင်ရွက်၍၊ အဖွဲ့ဝင်များအဖြစ်ဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အဖွဲ့မှရွေးချယ်သည့် ပြည်နယ်ဝန်ကြီးနှစ်ဦးနှင့် ပြည်နယ်ဥက္ကဋ္ဌက ရွေးချယ်ခန့်အပ်သည့် ပြည်နယ် ဝန်ကြီးမဟုတ်သော ကရင်ပြည်နယ်ကောင်စီ အဖွဲ့ဝင် အမတ်တဦးတို့ပါဝင်ရမည်။ ကရင်ပြည်နယ်အ တွင်းဝန်သည်၊ ၎င်းအဖွဲ့၏အတွင်းရေးမှူးအဖြစ်ဖြင့်ဆောင်ရွက်ရမည်။

၃။ ။နည်းဥပဒေ ၁ (က)အရ၊ လျှောက်ထားသူများသည်-

Myanmar Law Information System (MLIS)

(က) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အပိုဒ် ၁၁ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်သား ဖြစ်ရမည့်ပြင် မြန်မာစာကိုကောင်း စွာတတ်ကျွမ်းနားလည် သူလည်းဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

(ဂ) ဖြေဆိုမည့်နှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင်အသက် ၂၁ နှစ်ပြည့်ပြီး၍၊ ၂၉ နှစ်ထက်မကျော်လွန်စေရ။

(ဃ) ရန်ကုန်တက္ကသိုလ်မှဖြစ်စေ၊ အသိအမှတ်ပြုသောအခြားတက္ကသိုလ်မှဖြစ်စေဝိဇ္ဇာ၊ သို့မဟုတ် ဝိဇ္ဇာ သိပ္ပံဒီဂရီဘွဲ့ရသူဖြစ်ရမည်။

(င) ကိုယ်ကာယအတိုင်းအထွာမှာ အနည်းဆုံးအရပ် ၅ ပေ ၄ လက်မနှင့်ရင်ပတ်နဂိုနေအတိုင်း ၃၂ လက်မရှိရမည်။

(စ) လျှောက်လွှာတင်သွင်းသောအခါ၊ လျှောက်လွှာနှင့်အတူ အထက်ပါဝန်ထမ်းတွင်ခန့်ထားရန်အတွက် ခရိုင်ဆရာဝန်ကြီးရာထူး အဆင့်အတန်းအောက်မနိမ့်သော ဆေးဘက်ဆိုင်ရာအရာရှိက သတ်မှတ်ထား သည့်ပုံစံဖြင့်ထုတ်ပေးသော ကျန်းမာကြောင်းဆေးလက်မှတ်ကို တင်သွင်းရမည့်အပြင်ကျန်းမာရေးအ ခြေအနေ စစ်ဆေးသောခုံအဖွဲ့၏ စံမှီကိုယ်လက်ကျန်းမာရေးစစ်ဆေးခြင်း (Standard Physical Test) ခံရန်လာရောက်ရပါမည်။

(ဆ) လျှောက်ထားသူအသီးသီးသည်၊ ရာထူးခန့်ထားရေးအဖွဲ့က ပြဋ္ဌာန်းသည့်အသက်နှင့်ငှင်း၊ နိုင်ငံ သားဖြစ်မှုနှင့်ငှင်း၊ အရည်အချင်းနှင့်ငှင်း၊ အကျင့်စာရိတ္တနှင့်ငှင်း စပ်လျဉ်းသည့် သက်သေခံအထောက် အထားများကို တင်ရမည်။

**ခြွင်းချက်**။ ။ သတ်မှတ်ထားသည့် အသက်၊ ပညာအရည်အချင်း အကန့်အသတ်ကိုလျှော့ပေါ့ထိုက်သော၊ သို့တည်းမဟုတ် အလွန်အမင်းနစ်နာသော သူတို့အတွက် ပြည်နယ်ဥက္ကဋ္ဌက လျှော့ပေါ့နိုင်ခွင့်ရှိသည်။

## ဒုတိယပိုင်း

## ရာထူးစည်းမျဉ်းများ

၄။ ။ ခန့်ထားခြင်းခံရသူကို ယေဘုယျအားဖြင့် ဦးစွာအစမ်းအဖြစ်ခန့်အပ်ရမည်။ အမြဲတမ်းခန့်အပ်ရန် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်။

(က) အစမ်းခန့်အဖြစ် နှစ်နှစ်ပြည့်အောင်ဆောင်ရွက်ရမည်။

(ခ) အခါအားလျော်စွာ ပြဋ္ဌာန်းသော လက်တွေ့သင်တန်းကို အောင်မြင်စွာပြီးဆုံးရမည်။

(ဂ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် သင်ရိုးသင်တန်းများနှင့် ဌာနဆိုင်ရာစာမေးပွဲများကို သတ် မှတ်သည့် အဆင့်အတန်းနှင့် အောင်မြင်ရမည်။

(ဃ) မိမိအထက်အရာရှိများက အမြဲတမ်းခန့်အပ်ရန် သင့်တော်သည်ဟုထောက်ခံရမည်။

၅။ ။ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ ပြည်နယ်ရဲဝန်ထမ်း (အထက်တန်း) အရာရှိတဦးအား၊ အစမ်းခန့်အချိန် အတွင်း ရာထူးမှရပ်စဲစေနိုင်သည်၊ သို့မဟုတ် ရာထူးရင်းသို့ပြန်လည်ချထားနိုင်သည်။ ယေဘုယျအားဖြင့် သို့သုံးစွဲနိုင်သည့် ဤအာဏာကိုမထိခိုက်စေဘဲ၊ ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အရာရှိတဦးအား စတင်ခန့် အပ်သည့်အချိန်မှ သုံးနှစ်အတွင်းနည်းဥပဒေ ၄ အရ၊ အရည်အချင်းနှင့်မပြည့်စုံ၍ အမြဲတမ်းမရရှိနိုင်လျှင် ရာထူးမှရပ်စဲစေနိုင်သည်၊ သို့မဟုတ် ရာထူးရင်းသို့ပြန်လည်ချထားနိုင်သည်။

Myanmar Law Information System (MLIS)

၆။ ။ ကရင်ပြည်နယ်ရဲဝန်ထမ်း (အထက်တန်း) အဖွဲ့ဝင်၏လစာနှုန်းထားမှာအောက်ပါအတိုင်းဖြစ်သည်။

ကျပ်။

| | | | |
|---|---|---|---|
| (က) | အရွေးချယ်ခံတန်း | .... | ၈၀၀-၅၀-၁,၂၀၀ |
| (ခ) | သာမန်လစာနှုန်း | .... | ၃၅၀-၂၅-၇၀၀ |

၇။ ။ ဤနည်းဥပဒေများတွင် မပါရှိသော ရာထူးစည်းမျဉ်းများနှင့်စပ်လျဉ်း၍၊ ကရင်ပြည်နယ်ရဲဝန်ထမ်း (အထက်တန်း) အဖွဲ့ဝင်များသည်၊ ယေဘုယျအားဖြင့် အစိုးရ၏အလားတူအတန်းအစား အရာရှိများ လိုက်နာရသော အခြားစည်းမျဉ်းများအတိုင်း ဖြစ်စေရမည်။

အမိန့်အရ၊

မောင်တင်၊

အတွင်းဝန်၊ ကရင်ပြည်နယ်အစိုးရ။

Myanmar Law Information System (MLIS)